

## Xbox 360 မှာပါ ထည့်သွင်းကစားနိုင်မယ့်

# Batman: Arkham City

Super hero game ပရိသတ်တွေအတွက် အမြဲတမ်း စိတ်ကြိုက်ဖြစ်နေစေမယ့် ဇာတ်လမ်းအသစ်တွေ ထွက်ရှိလာပါတော့မယ်။ လွန်ခဲ့တဲ့ ၂နှစ်ခန့်က ထွက်ရှိခဲ့ပြီး ပုံစံအသစ်နဲ့ အောင်မြင်မှုတွေ ရရှိခဲ့တဲ့ Batman: Arkham Asylum ရဲ့ နောက်ဆက်တွဲ game အသစ် Batman: Arkham City ကို ၂၀၁၁ ခုနှစ်ထဲမှာ ဖြန့်ချိမှာ ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပါတယ်။ »





ယခင်ကထွက်ရှိခဲ့တဲ့ Batman: Arkham Asylum ဟာ အကောင်းဆုံး game အမျိုးအစားဆုတွေ တော်တော်များများ ရရှိခဲ့ပြီး လူကြိုက်များလှပါတယ်။ ဇာတ်လမ်းရေးသားသူ Paul Dini ဟာ ယခင်ကတည်းက Batman ကာတွန်းတွေကို အစဉ်တစိုက် ရေးသားပေးခဲ့သူဖြစ်ပြီး သူ့ရဲ့ ခိုင်မာလှတဲ့ ဇာတ်လမ်းနောက်ခံကြောင့်လည်း Arkham Asylum ရဲ့ ဇာတ်ကောင်တွေ ပိုမိုအသက်ဝင်လာခဲ့ပါတယ်။

အဲဒီဇာတ်လမ်းအတွင်းမှာ Batman ဟာ အဓိက ရန်သူတော်ကြီးဖြစ်တဲ့ The Joker ရဲ့ စနက်ကြောင့် ရန်သူလူဆိုးတွေ ပြည့်နှက်ရောက်ရှိနေတဲ့ Arkham Asylum အတွင်းကို တစ်ကိုယ်တော် ဝင်ရောက်တိုက်ခိုက် နှိမ်နင်းခဲ့ရပါတယ်။ ယခု Arkham City ရဲ့ ဇာတ်လမ်းအသစ်ကတော့ ပထမပိုင်းက ဖြစ်ရပ်တွေ အပြီး အချိန်တစ်နှစ်အကြာမှာ စတင်ထားတာ တွေ့ရပါတယ်။

ယခင်ဇာတ်လမ်း Arkham Asylum မှ အုပ်ချုပ်ရေးမှူး Quincy Sharp ဟာ Batman ရဲ့ အကူအညီနဲ့ The Joker ကို ပြန်လည်ဖမ်းဆီးပေးနိုင်ခဲ့တာကို နာမည်ကောင်းယူ အသုံးချပြီး Gotham City ရဲ့ မြို့တော်ဝန်အသစ် ဖြစ်လာပါတယ်။ ဒါပေမဲ့ အကျဉ်းသားတွေနဲ့ ရာဇဝင်လူဆိုးကြီးတွေကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့ကတော့ ယခင် Arkham Asylum မှာရော၊ မီးလောင်ပျက်စီးထားတဲ့ Blackgate ထောင်ကြီးမှာပါ လုံးဝအဆင်မပြေတော့ပါဘူး။

ဒီကိစ္စကို ဖြေရှင်းနိုင်ဖို့ မြို့တော်ဝန် Quincy Sharp ဟာ Gotham City ရဲ့ လူဆင်းရဲရပ်ကွက်ကို ဝယ်ယူသိမ်းပိုက်ပြီး သီးသန့်နယ်မြေတစ်ခုအဖြစ် ဖန်တီး တည်ဆောက်ကာ Arkham City လို့ နာမည်ပေးလိုက်ပါတယ်။ အဲဒီနောက် Tyger ပုဂ္ဂလိကစစ်တပ်အဖွဲ့ကို လက်နက်အပြည့်အစုံနဲ့ ငှားရမ်းထားပြီးရာဇဝင်လူဆိုး အကျဉ်းသားတွေကို ထိန်းသိမ်းထားရှိခဲ့တာဖြစ်ပါတယ်။ ထွက်ပြေး လွတ်မြောက်ဖို့ မကြိုးစားရင်ပြီးရော သဘောနဲ့ အကျဉ်းသားတွေကို Arkham City မှာ လွတ်လပ်စွာ နေထိုင်စေခဲ့ပါတယ်။

Arkham City ကို ကြီးကြပ်ကွပ်ကဲနိုင်ဖို့ စိတ်ရောဂါကု ဆရာဝန် professor Hugo Strange ကို ခန့်အပ်ထားပေမယ့် နောက်ပိုင်းမှာတော့ သူကလည်း



villain တစ်ဦး ဖြစ်လာပါလိမ့်မယ်။ Arkham City အတွင်းမှာရှိတဲ့ အကျဉ်းသား လူဆိုးတွေသာမကပဲ ပြင်ပမှ ဆိုးသွမ်းသူတွေကိုပါ စည်းရုံးသိမ်းသွင်းထားပြီး ဦးဆောင်သူဖြစ်လာတဲ့ villain လူဆိုးကြီး Two Face က တစ်ချိန်တစ်ခါက Batman နဲ့ ပတ်သက်ခဲ့ဖူးတဲ့ Catwoman ကို လူအများရှေ့မှာပဲ သေဒဏ်ပေး လုပ်ကြံဖို့ ကိစ္စကို ဦးဆောင်ဖန်တီးခဲ့ပါတယ်။ Catwoman ကို ကယ်တင်ချင်တာရော၊ Gotham City မြို့ကြီး ဘေးရန်ကင်းရှင်းနိုင်ဖို့ရော တာဝန်ယူမယ့် Batman ဟာ Arkham City ထဲကို မဖြစ်မနေ ဝင်ရောက်ရပါတော့မယ်။ ဒါဟာ game ဇာတ်လမ်းရဲ့ အစပါပဲ။







Batman နေရာမှ ကစားသူဟာ ယခင်ဇာတ်လမ်းမှာ ပါဝင်ခဲ့တဲ့ gatget တွေ အကုန်လုံးပြန်လည်အသုံးပြုနိုင်မှာဖြစ်ပြီး အချို့မှာ ယခင်ထက်ပိုပြီး အဆင့်မြင့်ကောင်းမွန်လာပါတယ်။ အသစ်အဆန်းအနေနဲ့ gadget ၂ မျိုး ပိုမိုပါဝင်လာပြီး မီးခိုးငွေ့တွေအကြားမှာ တိတ်တဆိတ်လှုပ်ရှားသွားလာနိုင်အောင် အသုံးချနိုင်မယ့် မီးခိုးဗုံး(smoke bomb) နဲ့ လမ်းကြောင်းအချက်ပြပေးနိုင်မယ့် ခြေရာခံအသံလွှင့် (broadcast tracer) စက်ကိရိယာတို့ပဲ ဖြစ်ပါတယ်။

ကစားသူဟာ Batman အဖြစ် ဇာတ်လမ်းတစ်ခုလုံးမှာ Arkham City အတွင်း သွားလာလှုပ်ရှားပြီး သတ်မှတ်ထားတဲ့ mission ဇာတ်လမ်းတွေကို လုပ်ဆောင်သွားရပါလိမ့်မယ်။ Batman ဟာ ယခင် Arkham Asylum ဇာတ်လမ်းအတိုင်း detective mode ၊ reality mode တို့ကို ပြောင်းလဲအသုံးပြုနိုင်မှာဖြစ်ပြီး The Ridder ရဲ့ လျှို့ဝှက်ပဟေဠိတွေကိုလည်း ဇာတ်လမ်းတစ်လျှောက် ရှာဖွေဆော့ကစားနိုင်ပါတယ်။ အဓိကရန်သူတော်ကြီး The Joker ကလည်း ဇာတ်လမ်းဟောင်းမှ ဒဏ်ရာဒဏ်ချက်တွေကို Harley Quinn ရဲ့ သူနာပြုစုမှုနဲ့ ကုသနေရဆဲဖြစ်ပေမယ့်လည်း ဒီဇာတ်လမ်းအသစ်မှာ ပြန်လည်ပါဝင်နေဦးမယ်လို့ သိရပါတယ်။ ဒါပြင် Batman ရဲ့ ရန်သူတော်ဟောင်းတွေဖြစ်တဲ့ Mr.Freeze ၊ Talia al Ghul ၊ Victor Zsasz နဲ့ Calender Man တို့ကလည်း ဇာတ်လမ်းရဲ့ အချို့နေရာတွေမှာ တစ်ခန်းတစ်ကဏ္ဍ ပါဝင်နေပါလိမ့်မယ်။

ဒီ game series ကို ဖန်တီးရေးဆွဲသူ Rocksteady Studios အဖွဲ့ဟာ Windows အတွက် ပထမဆုံးရေးဆွဲခဲ့တဲ့ Batman: Arkham Asylum တစ်ခုတည်းနဲ့ Spike Video Game Award ဆုပေးပွဲကြီးမှာ ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံး Game Studio of the Year ဆု ရရှိခဲ့ပါတယ်။ ဒီဆုဟာ game လောကရဲ့ အကယ်ဒမီဆုသဘောပါပဲ။ အဲဒီဆုပေးပွဲကြီးမှာ နောက်ထွက်ရှိမယ့် Batman: Arkham City ကို ယခင်ပုံစံအတိုင်း Windows သာမက Sony PlayStation 3 နဲ့ Xbox 360 တို့အတွက်ပါ တစ်ပြိုင်တည်းထုတ်လုပ်ဖြန့်ချိမှာဖြစ်ကြောင်း ကြေငြာခဲ့တာဖြစ်ပါတယ်။

Game အမျိုးအစားကို Action-Adventure game လို့ ပြောနိုင်ပေမယ့် တစ်ကယ်တမ်းမှာတော့ Fantasy action ၊ Shoot'em Up နဲ့ Stealth game အမျိုးအစားအဖြစ်နဲ့လည်း သတ်မှတ် ဆော့ကစားနိုင်ပါတယ်။ ကစားရမယ့်မြေပုံကလည်း ယခင် Arkham Asylum ထက် ၅ ဆခန့် ပိုမိုကျယ်ပြန့်တယ်လို့ သိရပါတယ်။ Game demo ကို ဆော့ကစား စမ်းသပ်ပြီးသူတွေရဲ့အဆိုအရ ယခင် game အဟောင်းထက်ပိုပြီး အဆင့်မြင့်ကောင်းမွန်လာသလို တကယ့် full version game ထွက်ပေါ်လာချိန်ကို အရမ်းမျှော်နေကြပြီလို့ သိရပါတယ်။ Gamer တွေ အားလုံးရဲ့ ထင်မြင်ချက်ကတော့ ဒီလို အမျိုးအစား game တွေထဲမှာ အကောင်းဆုံး game တစ်ခု ဖြစ်လာမယ်လို့ ညွှန်းဆိုထားကြပါတယ်။ ■

MJD (4AM Digital Services)